COLORADO
Department of Public Health & Environment



**2020-2021 ပညာသင်နှစ်အတွက် ကိုလိုရာဒိုကျောင်းများတွင် သူငယ်တန်းတက်ရောက်မည့် ကျောင်းသူ/သားများအတွက် မိဘများ/အုပ်ထိန်းသူများခင်ဗျာ -**

သင့်ကျောင်းသား သူငယ်တန်းတက်ရောက်ရန်အတွက် အဆင်သင့်ဖြစ်စေရန် သင်ပြုလုပ်ရမည့်အရာအားလုံးကို စဉ်းစားနေမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိထားပါသည်။ ကာကွယ်ဆေးထိုးနှံထားခြင်းသည် ၎င်းတို့သူငယ်တန်းတက်ရောက်မှု အသင့်ဖြစ်စေရေးအတွက် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ကလေးများအား နာမကျန်းဖြစ်စေနိုင်မည့် ရောဂါများကူးစက်ခံရခြင်းနှင့် ပြန့်ပွားခြင်းတို့မှ ကာကွယ်ပေးနိုင်ပါသည်။ သူငယ်တန်းစတင်တက်ရောက်ခြင်းသည် စိတ်လှုပ်ရှားစရာအလွန်ကောင်းသော အချိန်တစ်ခုဖြစ်ပြီး သင်နှင့် သင့်ကျောင်းသားအတွက် ကျန်းမာရေးနှင့်ညီညွတ်သော ပညာသင်နှစ်တစ်နှစ်ဖြစ်ပါစေဟု ကျွန်ုပ်တို့မှ ဆန္ဒပြုလိုက်ပါသည်။

**အကြံပြုထားပြီး လိုအပ်သော ကာကွယ်ဆေးများ**

- ကိုလိုရာဒိုပြည်နယ် ဥပဒေမှ အစိုးရကျောင်း၊ ပုဂ္ဂလိကကျောင်း သို့မဟုတ် ခရစ်ယာန်အသင်းတော်မှ ဖွင့်လှစ်ထားသည့် သူငယ်တန်းမှ 12 တန်းအထိ တက်ရောက်နေသော ကျောင်းသူ/သားများသည် ကင်းလွတ်ခွင့်လျှောက်ထားခြင်းမရှိပါက ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သည့် ရောဂါများစွာအတွက် ကာကွယ်ဆေးထိုးနှံရမည်ဖြစ်ကြောင်း ပြဌာန်းထားသည်။ ပိုမိုသိရှိလိုသည်များရှိပါက colorado.gov/cdphe/schoolrequiredvaccines (or cdphe.colorado.gov/schoolrequiredvaccines) တွင် ဝင်ရောက်ကြည့်ရှုပါ။ သင်၏ကျောင်းသူ/သားကို အောက်ပါရောဂါများအတွက် ကာကွယ် ဆေးထိုးနှံရမည် -
    - ဆုံဆို့နာ၊ မေးခိုင်ရောဂါနှင့် ကြက်ညှာချောင်းဆိုးရောဂါ (DTaP, DTP)
    - ပိုလီယိုရောဂါ (IPV)
    - ဝက်သက်၊ ပါးချိတ်ရောင်နာ၊ ဂျိုက်သိုး (MMR)
    - အသည်းရောင်အသားဝါ ဘီ (HepB)
    - ရေကျောက်
- ကိုလိုရာဒိုပြည်နယ်သည် ကာကွယ်ဆေးထိုးနှံရေးအလေ့အထများနှင့်ပတ်သက်၍ အကြံပေးကော်မတီမှ ချမှတ်ထားသော အကြံပြုချက်များကို လိုက်နာပါသည်။ ကိုလိုရာဒိုပြည်နယ်စည်းမျဉ်းအရ သူငယ်တန်းတက်ရောက်နေ သည့် ကျောင်းသူ/သားများသည် ၎င်းတို့၏ DTaP, IPV, MMR နှင့် ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေးများ၏ နောက်ဆုံးအကြိမ်ကို ထိုးနှံထားရန် လိုအပ်သည်။ သင်သည် အသက် 0 - 6 နှစ်အရွယ်ကလေးများအတွက် အကြံပြုထားသည့် ကာကွယ်ဆေးအချိန်ဇယားကို cdc.gov/vaccines/parents/downloads/parent-ver-sch-0-6yrs.pdf တွင် ကြည့်ရှုနိုင်ပါသည်။
- အသည်းရောင်အသားဝါ အေနှင့် တုပ်ကွေးရောဂါတို့အတွက် ကာကွယ်ဆေးများကို အကြံပြုပေးထားသော်လည်း မဖြစ်မနေထိုးရန်မလိုပါ။

**ကျောင်းမှဖယ်ထုတ်ထားခြင်း**

- သင့်ကျောင်းတွင် သင့်ကလေးအတွက် နောက်ဆုံးရကာကွယ်ဆေးမှတ်တမ်း၊ ကင်းလွတ်ခွင့် သို့မဟုတ် ဆောင်ရွက်ဆဲအစီအစဉ်တစ်ခု စနစ်ထဲတွင်မရှိပါက သင့်ကလေးကို ကျောင်းမှ ဖယ်ထားနိုင်ပါသည်။
- သင့်ကလေးကျောင်းတွင် တစ်စုံတစ်ဦးသည် ကာကွယ်ဆေးဖြင့် တားဆီးနိုင်သည့် ရောဂါတစ်ခုခုဖြစ်ပွားနေပြီး သို့မဟုတ် ရောဂါ ရုတ်တရက်ဖြစ်ပွားပြီး သင့်ကလေးသည် ထိုရောဂါအတွက် ကာကွယ်ဆေးထိုးနှံထားခြင်းမရှိပါက ၎င်းတို့ကို ကျောင်းလှုပ်ရှားဆောင်ရွက်မှုများမှ ဖယ်ထုတ်ထားနိုင်ပါသည်။ ယင်းမှာ ကလေးများအတွက် သင်ကြားရေးအချိန်နှင့် လုပ်အားသာမက သင့်အတွက်လည်း လခများ ဆုံးရှုံးစေသည့် သဘောဖြစ်ပါသည်။ ဥပမာ - သင့်ကလေးသည် ဝက်သက်-ပါးချိတ်ရောင်-ဂျိုက်သိုး (MMR) ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းမရှိပါက ၎င်းတို့အား တစ်စုံတစ်ဦး ဝက်သက်ရောဂါကြောင့် နာမကျန်းဖြစ်ပြီး 21 ရက်ကြာသည်အထိ ကျောင်းမှဖယ်ထုတ်ထားမည်ဖြစ်သည်။

**မေးခွန်းများ ရှိပါသလား။**

- ကာကွယ်ဆေးထိုးနှံရန်အတွက် လိုင်စင်ရကျန်းမာရေး စောင့်ရှောက်မှုပေးသူတစ်ဦးနှင့်လည်းကောင်း၊ သင့်ကျောင်းသားလိုအပ်မည့် ကာကွယ်ဆေးများအကြောင်း သို့မဟုတ် မေးမြန်းလိုသည်များ ရှိလျှင်သော်လည်းကောင်း သင်၏ဒေသန္တရ ပြည်သူ့ကျန်းမာရေး အေဂျင်စီနှင့် သင် ဆွေးနွေးလိုမည်ဖြစ်သည်။ သင်သည် SpreadTheVaxFacts.com, ImmunizeForGood.com နှင့် colorado.gov/cdphe/immunization-education (သို့မဟုတ် cdphe.colorado.gov/immunization-education) တွင် ကာကွယ်ဆေးများ၏ လုံခြုံစိတ်ချရမှုနှင့် အရေးပါမှုတို့ကို ဖတ်ရှုနိုင်မည်ဖြစ်သည်။

**ကာကွယ်ဆေးများအတွက် ငွေပေးချေခြင်း**

- သင့်အနေဖြင့် အခမဲ့ သို့မဟုတ် ဈေးသက်သာသော ကာကွယ်ဆေးများနှင့် ယင်းတို့ကိုထိုးနှံပေးမည့် ကျန်းမာရေးစောင့်ရှောက်ပေးသူကို ရှာဖွေရန်လိုအပ်ပါက COVax4Kids.org သို့ ဝင်ရောက်ကြည့်ရှုပါ၊ သင့်နယ်မြေရှိ ပြည်သူ့ကျန်းမာရေးဌာနသို့ ဆက်သွယ်ပါ သို့မဟုတ် ပြည်နယ်ကျန်းမာရေးဌာန၏ မိသားစုကျန်းမာရေး ဖုန်းလိုင်း 1-303-692-2229 သို့မဟုတ် 1-800-688-7777 သို့ ဖုန်းခေါ်ဆိုပါ။ သင်သည် colorado.gov/cdphe/find-your-local-public-health-agency (သို့မဟုတ် cdphe.colorado.gov/find-your-local-public-health-agency) တွင် သင်၏ဒေသန္တရ ပြည်သူ့ကျန်းမာရေး အေဂျင်စီကို ရှာဖွေနိုင်ပါသည်။

**ကာကွယ်ဆေးထိုး မှတ်တမ်းများ**

- ကျေးဇူးပြု၍ သင့်ကျောင်းသား၏ နောက်ဆုံးရကာကွယ်ဆေး မှတ်တမ်းကို သူ သို့မဟုတ် သူမ ကာကွယ်ဆေးထိုးနှံရန် လာရောက်သည့်အခါတိုင်း ကျောင်းသို့ ယူဆောင်လာပါ။
- သင့်ကျောင်းသား၏ ကာကွယ်ဆေးမှတ်တမ်းကို ရှာဖွေရန် လိုအပ်ပါသလား။ ၎င်းကို ကိုလိုရာဒို ကာကွယ်ဆေးထိုးနှံမှု အချက်အလက်စနစ်မှ ရရှိနိုင်ပါသည်။ ပိုမိုသိရှိလိုသည်များရှိပါက COVaxRecords.org တွင် ဝင်ရောက်ကြည့်ရှုပါ။

**ကင်းလွတ်ခွင့်များ**

- ဆေးဘက်ဆိုင်ရာအကြောင်းပြချက်များကြောင့် သင့်ကျောင်း သားမှာ ကာကွယ်ဆေး မထိုးနှံနိုင်ပါက သင်၏ကျောင်းသို့ ကာကွယ်ဆေးထိုးနှံခွင့်ရထားသော ကျန်းမာရေးပြုစုစောင့် ရှောက်သူမှ လက်မှတ်ထိုးထားသော တရားဝင် *ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ ဆေးဘက်ကင်းလွတ်ခွင့်ပုံစံ* ကို တင်ပြရပါမည်။ သင်၏ကျောင်းသူ/သား အချက်အလက်များ သို့မဟုတ် ကျောင်းပြောင်းလဲမှုများ မရှိပါက သင့်အနေဖြင့် ထိုပုံစံအား တစ်ကြိမ်သာ တင်ပြရပါမည်။ သင်သည် ယင်းဖောင်ပုံစံကို colorado.gov/vaccineexemption (သို့မဟုတ် cdphe.colorado.gov/vaccineexemption) တွင် ရယူနိုင်ပါသည်။
- သင်၏ပုဂ္ဂလိကယုံကြည်ချက် သို့မဟုတ် ဘာသာရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် လက်ရှိသတ်မှတ်ထားသော အစီအစဉ်အတိုင်း သင်၏ ကျောင်းသားအား ကာကွယ်ဆေးမထိုးရန် ရွေးချယ်လိုက်ပါက သင့်အနေဖြင့် ကျောင်းသို့ ဆေးဘက်နှင့်မဆိုင်သော ကင်းလွတ်ခွင့်တစ်ခု တင်ပြရပါမည်။ ဆေးဘက်နှင့်မဆိုင်သော ကင်းလွတ်ခွင့်များကို အသက် 2 လ၊ 4 လ၊ 6 လ၊ 12 လနှင့် 18 လတို့တွင် တင်ပြပေးရပါမည်။ ပုဂ္ဂလိက သို့မဟုတ် ဘာသာရေးကင်းလွတ်ခွင့်တစ်ခု လျှောက်ထားရန် အလွယ်ကူဆုံးနည်းလမ်းမှာ colorado.gov/vaccineexemption (သို့မဟုတ် cdphe.colorado.gov/vaccineexemption) ရှိ အွန်လိုင်း သို့မဟုတ် ဒေါင်းလုတ်ရယူနိုင်သော ဆေးဘက်နှင့်မဆိုင်သော ကင်းလွတ်ခွင့်ပုံစံတစ်ခုကို အသုံးပြုခြင်းဖြစ်သည်။

**ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍ သင့်ကျောင်းသည် မည်သို့လုပ်ဆောင်ပါသနည်း။**

- မိဘအချို့ အထူးသဖြင့် ကိုယ်ခံအားနည်းနေသော ကျောင်းသားများ၏ မိဘများအနေဖြင့် မည်သည့် ကျောင်းများတွင် ကာကွယ်ဆေး ထိုးနှံထားသော ကျောင်းသားရာခိုင်နှုန်း အမြင့်ဆုံးရှိသည်ကို သိရှိလိုကြသည်။ ကျောင်းများမှလည်း ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကင်းလွတ်ခွင့်လျှောက်ထားသည့် အရေအတွက် (သို့သော် ကျောင်းသားအမည် သို့မဟုတ် မွေးသက္ကရာဇ် မပါဘဲ) ကို နှစ်စဉ် ပြည်နယ်ကျန်းမာရေးဌာနသို့ အစီရင်ခံရမည်။ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကင်းလွတ်ခွင့်လျှောက်ထားသည့် နှုန်းကို COVaxRates.org တွင် ကြည့်ရှုနိုင်ပါသည်။

ကိုလိုရာဒိုပြည်နယ်ဥပဒေအရ ကျောင်းဝင်ခွင့်အတွက် လိုအပ်သည့် ကာကွယ်ဆေးများနှင့်ပတ်သက်၍ အထောက်အကူပြုအချက်အလက်များပေးနိုင်သဖြင့် သင့်ကျောင်းသား၏ ကျန်းမာရေးပြုစုစောင့်ရှောက်သူအား ဤစာစောင်၏ စာမျက်နှာ 2 ကို မျှဝေပေးပါ။

**COLORADO**
**Department of Public Health & Environment**

Advancing Colorado's health and protecting the places we live, learn, work and play

Dear Colorado health care provider:

Colorado School Entry Immunization Law (25-4-901 et seq, C.R.S) and Colorado Board of Health rule (6 CCR 1009-2) require students who attend a public, private or parochial K - 12 school, licensed child care, preschool or Head Start program to be vaccinated against many of the diseases vaccines can prevent, unless an exemption is filed. For more information, visit colorado.gov/cdphe/schoolrequiredvaccines (or cdphe.colorado.gov/schoolrequiredvaccines). Students must be vaccinated against:

- diphtheria, tetanus and pertussis (DTaP, DTP, Tdap)
- polio (IPV)
- measles, mumps, rubella (MMR)
- hepatitis B (HepB)
- haemophilus influenzae type b (Hib)
- pneumococcal (PCV13)
- varicella (chickenpox)

The number, timing and spacing of the required vaccine doses is set by the Centers for Disease Control and Prevention's (CDC) Advisory Committee on Immunization Practices (ACIP). To be considered valid, a dose of vaccine must meet both the **minimum age and minimum intervals** as defined by ACIP. You can view the current ACIP vaccine schedule for people 0 - 18 years of age at www.cdc.gov/vaccines/schedules/downloads/child/0-18yrs-child-combined-schedule.pdf. Vaccines are recommended for rotavirus, hepatitis A, influenza, meningococcal disease and human papillomavirus, but are not required.

Colorado schools are required to review immunization records for school entry and can only accept valid doses of vaccine. Your patients may receive notification of noncompliance if a dose of vaccine does not meet the minimum age or minimum interval requirements, per the ACIP schedule. There are three ways a student can meet the compliance requirements established by Colorado law:

1) A student is considered fully immunized if he or she has received all doses of school-required vaccines according to the current ACIP schedule. Note: students are required to receive their final doses of DTaP, IPV, MMR and varicella by kindergarten entry and their Tdap by 6th grade entry, even if the student is under 11 years of age.
2) A student is in the process of becoming up-to-date on required vaccines and has a written plan from the parent/guardian on file with the school.
3) The student's health care provider (medical doctor, doctor of osteopathic medicine, advanced practice nurse or delegated physician assistant) has signed an official *Immunization Medical Exemption Form* because of a condition that precludes the student from receiving vaccine(s), or the student (emancipated or 18 years of age or older) or student's parent/guardian has submitted a signed non-medical exemption (religious or personal belief).

If students do not meet at least one of the compliance criteria, they are not permitted to attend school. If you have questions about the student's school immunization requirement, please communicate with the student's school nurse or school representative.

If you have questions about the ACIP immunization schedule, vaccines marked as invalid in your patient's immunization record, or about Colorado School Entry Immunization Law, please contact us at 303-692-2700 or cdphe.dcdimmunization@state.co.us. If you have questions about the Colorado Immunization Information System (CIIS), please contact us at 303-692-2437 (press 2),
1-888-611-9918 (press 1) or cdphe.ciis@state.co.us.

Other reliable clinical resources include:

- CDC Vaccines & Immunizations - cdc.gov/vaccines/default.htm
- CDC's *Epidemiology & Prevention of Vaccine-Preventable Diseases* - cdc.gov/vaccines/ed/webinar-epv/index.html
- The Immunization Action Coalition: Ask the Experts - immunize.org/askexperts/
- CDC Experts at the National Immunization Program - nipinfo@cdc.gov or 1-800-CDC-Info (1-800-232-4636)